# အ၄၅မအကြိမ်မြောက် ကမ္ဘာ့ဒီမိုကရေစီလူငယ်များနေ့ အထိမ်းအမှတ်ကြေညာချက်

(မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်၊ တိုင်းရင်းသားလူငယ်များအင်အားစု၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်–နိုင်ငံခြားရေးရာကော်မတီ)

အောက်တိုဘာလ (၁၈) ရက်၊ ၂၀၁၁ ခုနှစ်

ယနေ့သည် အ၄၅မ ကြိမ်မြောက် ကမ္ဘာ့ဒီမိုကရေစီလူငယ်များနေ့ ဖြစ်ပါသည်။ ထိုနေ့တွင် တကမ္ဘာလုံးမှ လူငယ်ကျောင်းသားများသည် ဒီမိုကရေစီရေးအတွက်လှုပ်ရှားရင်း ဘေးဒုက္ခမျိုးစုံကြုံတွေ့နေရသော လူငယ်ကျောင်းသားများအတွက် စိတ်ဓါတ်ခွန်အားများရရှိလာစေရန်၊ ၎င်းတို့အား ထောက်ခံမှုကိုပြသရန်၊ ၎င်းတို့အား မမေ့မလျော့ရှိနေမှုကိုပြသရန်နှင့် မိမိတို့၏ သွေးစည်းညီညွတ်မှုကိုပြသရန် ရည်ရွယ်၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိစ္စများကို စုဝေးဆွေးနွေးတိုင်ပင်လေ့ရှိကြပါသည်။

မြန်မာပြည်သည်လည်း ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးတို့ကင်းမဲ့လျက် ထိုအရာတို့ကို ပြည်သူထံ ဆောင်ကျဉ်းပေးနိုင်ရန်ကြိုးပမ်းလုပ်ဆောင်နေသော လူငယ်ကျောင်းသားများရော၊ သာမန်လူငယ်ကျောင်းသားများပါ ဘေးဒုက္ခမျိုးစုံကို နည်းမျိုးစုံနှင့်ခံစားကြုံတွေ့နေရသော နိုင်ငံတခုဖြစ်ပါသည်။

စစ်ဗိုလ်ချုပ်ဟောင်းဦးသိန်းစိန်၏ စစ်တပိုင်းအစိုးရသည် အာဏာရလာပြီးကတည်းက လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ်ပေးခဲ့သည်ဆိုသော်လည်း လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားအရေအတွက်မှာ အလွန်နည်းပါးသည့်အပြင် ထိုသူတို့မှာလည်း လွတ်ရက်နီးနေသူများသာဖြစ်ပါသည်။ ဦးသိန်းစိန်စစ်တပိုင်းအစိုးရသည် အပြည်ပြည်ဆိုင်ရာမှဖိအားများကို ရှောင်ရှား၍ ၎င်းတို့လိုလားသော နိုင်ငံတကာမှ အသိအမှတ်ပြုမှုကိုရရှိနိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများကို ဓါးစာခံများအဖြစ် လိုသလိုအသုံးချနေခြင်းသာဖြစ်ပါသည်။ လက်ရှိအကျဉ်းထောင်များအတွင်းမှ နိုင်ငံရေးအကျဉ်းသားအများစုမှာလည်း လူငယ်ကျောင်းသားများ ဖြစ်ပါသည်။

နယ်စပ်ဒေသ တိုင်းရင်းသားအများစုနေထိုင်ရာဒေသများမှ လူငယ်ကျောင်းသားများမှာ သာမန်အားဖြင့် ကောင်းမွန်သော ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစသည်တို့မရရှိပဲ ဘဝကိုခက်ခဲကြမ်းတမ်းစွာဖြင့် ဖြတ်ကျော်နေကြရပါသည်။ အစိုးရ၏ထိုးစစ်များအောက်တွင် အစိုးရတပ်များမှကျူးလွန်သည့် လူသားဖြစ်တည်မှုကို ခြိမ်းခြောက်သည့်ရာဇဝတ်မှုများ **(Crimes Against Humanity)/** အဓမ္မပြုကျင့်မှုများ၊ သတ်ဖြတ်မှုများ စသည့် လူသားမဆန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ခံစားနေကြရပါသည်။ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်းတွင် အစိုးရမှ ထိုးစစ်များပိုမိုတိုးမြှင့် လုပ်ဆောင်လာသည့်အချိန်မျိုးတွင် ၎င်းတို့၏ဘဝမှာ ပိုမိုခက်ခဲကြမ်းတမ်းလာပါသည်။

အထက်ပါပြဿနာများကို ပြေလည်စေရန်မှာ စစ်မှန်သောအမျိုးသားပြန်လည်ရင်ကြားစေ့ရေးရရှိရန်သာ ဖြစ်ပါသည်။ ထိုသို့ရရှိရန်အတွက် စစ်မှန်သောတွေ့ဆုံဆွေးနွေးမှုရှိရမည် ဖြစ်ပါသည်။ ယခုအခါ ဦးသိန်းစိန် စစ်တပိုင်းအစိုးရသည် အမှန်တကယ်ပြောင်းလဲလိုစိတ်မရှိပဲ ဟန်ပြအဖြစ်သာ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံမှုများပြုလုပ်နေပါသည်။ ထိုသို့ ပြုလုပ်နေခြင်းသည်လည်း နိုင်ငံတကာမှ အသိအမှတ်ပြုမှုကိုရရှိနိုင်ရန်အတွက် နိုင်ငံရေးကစားကွက်တခုမျှသာပင် ဖြစ်ပါသည်။

ဦးသိန်းစိန်စစ်တပိုင်းအစိုးရသည် ဖိအားတစုံတရာမပါပဲ ၎င်းတို့သဘောဆန္ဒသက်သက်ဖြင့် အမှန်တကယ်တွေ့ဆုံဆွေးနွေးကာ ပြောင်းလဲပေးမည့်သူများဟု ကျွန်ုပ်တို့အနေဖြင့် မယုံကြည်ပါ။

ထို့ကြောင့် မိမိတို့ လူငယ်ကျောင်းသားတပ်ပေါင်းစု သုံးခုဖြစ်သော မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်၊ တိုင်းရင်းသားလူငယ်များအင်အားစု နှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(နိုင်ငံခြားရေးရာကော်မတီ)တို့မှ ယနေ့ကျရောက်သော အ၄မ ကြိမ်မြောက် ကမ္ဘာ့ဒီမိုကရေစီလူငယ်များနေ့တွင် ဦးသိန်းစိန်စစ်တပိုင်းအစိုးရထံ အောက်ပါအချက်လေးချက်ကို တောင်းဆိုလိုက်သည်။

*၁။ လူငယ်ကျောင်းသားနိုင်ငံရေးအကျဉ်းသားများအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိပြန် လွှတ်ပေးပါရန်။*

*၂။ ဒီမိုကရေစီနှင့် အမျိုးသားတန်းတူရေးအတွက် တိုက်ပွဲဝင်နေကြသော လူငယ်ကျောင်းသားများအပါအဝင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပေါ် ဖိနှိပ်ရက်စက်မှုများအား ချက်ချင်းရပ်တန့်ရန်။*

*၃။ လူငယ်ကျောင်းသားများအပါအဝင် ဒေသခံပြည်သူများ ဒုက္ခမရောက်စေရန်အတွက် တိုင်းရင်းသားဒေသများတွင် ထိုးစစ်ဆင်သတ်ဖြတ်နေမှုများအားလုံး ချက်ချင်းရပ်တန့်ရန်။*

*၄။ မြန်မာနိုင်ငံရှိနိုင်ငံရေးပြဿနာများအား ဖြေရှင်းနိုင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြုလုပ်လျက်ရှိသော တွေ့ဆုံမှုများမှ စစ်မှန်သော သုံးပွင့်ဆိုင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများအဆင့်သို့ တက်လှမ်းရန် တို့ဖြစ်ပါသည်။*

တပြည်လုံးရှိပြည်သူတရပ်လုံးမှလဲ စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲအဆင့်သို့တက်လှမ်းနိုင်ရန် ဒေါ်အောင်ဆန်းစုကြည်အား ဝိုင်းရံပံ့ပိုးပေးကြပါရန် ပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန် – ကိုနော်ဆန်း - SYCB(၀၈၄၈၁၁၉၅၉၄) ကိုယောန - NYF(၀၈၈၄၁၉၈၅၃၄)